# ကာကွယ်ရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 11/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### မွန်ပြည်နယ်

မတ်(၁၀)ရက်နေ့မနက်(၄:၃၀)နာရီခန့်က ကျိုက်ထိုမြို့နယ်မှဘီးလင်းမြို့နယ်သို့ ဦးတည်မောင်းနှင်လာသော စကစကား(၄)စီးပါ ယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ဘီးလင်း)ကမိုင်းဆွဲတိုက်ခိုက်ရာ ကားတစ်စီး ပျက်စီးပြီး စကစတပ်သား(၅)ဦး သေဆုံးခဲ့သည်။

### စစ်ကိုင်းတိုင်း

- မတ်(၁၁)ရက်နေ့မနက်(၇)နာရီခန့်က ကသာမြို့နယ်၊ကသာမြို့မှလာသော စကစအင်အား (၈၀)ခန့်ကို နွားကူးကျေးရွာအနီး၊ မင်္ဂလာသုခအနောက်ဘက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၁၀)ဦးထက်မနည်း သေဆုံးခဲ့သည်။
- မတ်(၁၁)ရက်နေ့မနက်(၈:၄၅)နာရီခန့်က ယင်းမာပင်မြို့နယ်၊ မြောက်နုံးရွာဘက်သို့ စစ်ကြောင်းထွက်လာသော စကစတပ်ဖွဲ့ကို ကျွဲကျရွာအနီးတွင် ချင်းတွင်းရိုးမ မဟာမိတ်တပ်ပေါင်းစုက ပဒေသာမိုင်း(၁၂)လုံး ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၃၂)ဦး သေဆုံးခဲ့သည်။
- မတ်(၁၁)ရက်နေ့နေ့လယ်(၁၂)နာရီခန့်က ခင်ဦးမြို့နယ်၊ မူးသာကျေးရွာမှ ရေဦးမြို့နယ်၊ ဇိန်ဇွန်းကျေးရွာသို့ လာသော စကစတပ်သားများကို ဒေသကာကွယ်ရေးအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- မတ်(၁၀)ရက်နေ့မနက်ပိုင်းက တမူးမြို့နယ်၊ တမူးမြို့တွင် တပ်စွဲထားသော စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၂)ဦး သေဆုံးပြီး (၁)ဦး ဒဏ်ရာရရှိခဲ့သည်။
- မတ်(၁၀)ရက်နေ့နေ့လယ်(၃:၂၀)နာရီခန့်က ဝက်လက်မြို့နယ်၊ငါးပတ်ချောင်းကျေးရွာအနီး ဧရာဝတီမြစ်ကြောင်းမှ အထက်သို့ ဆန်တက်လာသော စကစသင်္ဘော(၂)စီးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်က ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

### မကွေးတိုင်း

မတ်(၁၀)ရက်နေ့ညနေ(၄)နာရီခန့်က ရေစကြိုမြို့နယ်တွင် မိုင်းမိပြီး သေသွားသော စကစရဲတပ်သား ဂျော်ကာတိုးအားသင်္ဂြိုလ်ရန် ရောက်လာသောစကစတပ်သားများနှင့်ရဲတပ်သားများကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရေစကြို)က တိုက်ခိုက်ခဲ့ရာ စကစတပ်သား(၃)ဦး သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 11/3/2022

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၁၁)ရက်နေ့မနက်(၂)နာရီနှင့်မနက်(၇)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ရောက်ခူကျေးရွာအား စကစမှ တိုက်လေယာဉ်ဖြင့် လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သဖြင့် ဒေသခံစစ်ရှောင်ပြည်သူတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

### ပဲခူးတိုင်း

မတ်(၁၀)ရက်နေ့နေ့လယ်(၂)နာရီခန့်က နတ်တလင်းမြို့နယ်၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သော ဦးမောင်မောင်ဦးနှင့်ဦးကျော်ကျော်နိုင်တို့၏နေအိမ်များကို စကစများက ချိပ်ပိတ်ခဲ့ကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*